# မျှော်လင့်မထားသော ဆေးကုသမှုဆိုင်ရာ ကျသင့်ငွေတောင်းခံလွှာများနှင့်ပတ်သက်၍ သင်၏ ရပိုင်ခွင့်များနှင့် ကာကွယ်ပေးမှုများ

**သင်သည် ကွန်ရက်တွင်း ဆေးရုံ သို့မဟုတ် ခွဲစိတ်ကုသမှုဆိုင်ရာ စောင့်ရှောက်မှုပေးရေးစင်တာ၌ ကွန်ရက်ပြင်ပမှ ဝန်ဆောင်မှုပေးသူ၏ အရေးပေါ်ကုသမှုကို ရယူသည့်အခါ သို့မဟုတ် ကုသမှုခံယူသည့်အခါ မျှော်လင့်မထားသော ကျသင့်ငွေတောင်းခံခြင်း သို့မဟုတ် အာမခံတွင်မပါဝင်သော ကျသင့်ငွေတောင်းခံခြင်း မရှိစေရန် သင့်ကို ကာကွယ်ပေးထားပါသည်။**

### "အာမခံတွင် မပါဝင်သော ကျသင့်ငွေတောင်းခံခြင်း" (တစ်ခါတစ်ရံ "မျှော်လင့်မထားသော ကျသင့်ငွေတောင်းခံခြင်း") ဆိုတာ ဘာလဲ?

သင်သည် ဆရာဝန် သို့မဟုတ် အခြားကျန်းမာရေး စောင့်ရှောက်မှုပေးသူထံ သွားရောက်ပြသသည့်အခါ စရိတ်မျှခံငွေ၊ စရိတ်မျှခံရာခိုင်နှုန်းနှင့်/သို့မဟုတ် အာမခံကနဦးပေးချေငွေကဲ့သို့ အချို့သော အိတ်စိုက်ငွေ ကုန်ကျစရိတ်များကို ပေးရနိုင်ပါသည်။ သင်၏ ကျန်းမာရေး အစီအစဉ်ကွန်ရက်အတွင်းမှ မဟုတ်သည့် ဝန်ဆောင်မှုပေးသူ သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်နေရာထံ သွားရောက်ပြသသည့်အခါ သင့်တွင် အခြားကုန်ကျစရိတ်များ ရှိလာနိုင်သည် သို့မဟုတ် ကျသင့်ငွေအလုံးစုံကို သင်ပေးချေရနိုင်ပါသည်။

"ကွန်ရက်ပြင်ပ" ဆိုသည်မှာ သင်၏ကျန်းမာရေး အစီအစဉ်နှင့် စာချုပ်ချုပ်ဆိုမထားသော ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုပေးသည့်နေရာများကို ဆိုလိုပါသည်။ သင့်အစီအစဉ်က ပေးချေရန် သဘောတူထားသည့်ပမာဏနှင့် ဝန်ဆောင်မှုအတွက် ကုန်ကျသည့် အလုံးစုံပမာဏ အကြား ကွာခြားချက်အတွက် သင့်ထံမှ ငွေတောင်းခံရန် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများကို ခွင့်ပြုနိုင်ပါသည်။ ထိုသို့တောင်းခံခြင်းကို "အာမခံတွင် မပါဝင်သော ကျသင့်ငွေတောင်းခံခြင်း" ဟု ခေါ်ပါသည်။ ဤပမာဏသည် အလားတူ ဝန်ဆောင်မှုအတွက် ကွန်ရက်တွင်း ကုန်ကျစရိတ်များထက် ပိုများနိုင်သည့်အပြင် ၎င်းကို သင်၏နှစ်စဉ် အိတ်စိုက်ငွေ ကန့်သတ်ချက်တွင် ထည့်သွင်းတွက်ချက်မည် မဟုတ်ပါ။

"မျှော်လင့်မထားသော ကျသင့်ငွေတောင်းခံခြင်း" သည် မျှော်မှန်းမထားသည့် ကျသင့်ငွေတောင်းခံမှု ဖြစ်သည်။ သင့်ကို ကုသစောင့်ရှောက်ရာတွင် ပါဝင်ပတ်သက်သူကို သင်ထိန်းချုပ်ခြင်းမပြုနိုင်သည့်အခါ—သင့်တွင် အရေးပေါ်ကိစ္စဖြစ်လာသည့်အခါ သို့မဟုတ် သင်က ကွန်ရက်တွင်း ဝန်ဆောင်မှုပေးသည့်နေရာတွင် သွားရောက်ပြသရန် စီစဉ်ထားသော်လည်း ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူထံမှ ကုသမှုကို မမျှော်လင့်ဘဲ ခံယူလိုက်ရသည့်အခါ ဤသို့ဖြစ်လာနိုင်ပါသည်။

### အောက်ပါတို့အတွက် အာမခံတွင် မပါဝင်သော ကျသင့်ငွေတောင်းခံခြင်းမှ သင့်အား ကာကွယ်ပေးထားသည်-

### အရေးပေါ် ဝန်ဆောင်မှုများ

သင့်တွင် အရေးပေါ် ဆေးကုသရမည့် အခြေအနေရှိပြီး သင်သည် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာမှ အရေးပေါ် ဝန်ဆောင်မှုများကို ရယူလျှင် ထိုဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာက သင့်အား တောင်းခံနိုင်သည့် အများဆုံးပမာဏသည် သင့်အစီအစဉ်၏ ကွန်ရက်တွင်း ကုန်ကျစရိတ်မျှဝေကျခံသည့် ပမာဏ (စရိတ်မျှခံငွေများနှင့် စရိတ်မျှခံရာခိုင်နှုန်းကဲ့သို့) ဖြစ်သည်။ ဤအရေးပေါ် ဝန်ဆောင်မှုများအတွက် အာမခံတွင်မပါဝင်သော ကျသင့်ငွေကို သင့်ထံမှ တောင်းခံ၍မရပါ။ သင်သည် စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ပေးပြီး ဤအခြေအနေတည်ငြိမ်ပြီးနောက်ပိုင်း ဝန်ဆောင်မှုများအတွက် အာမခံတွင် မပါဝင်သော ကျသင့်ငွေများ မတောင်းခံနိုင်အောင် သင့်ကို ကာကွယ်ပေးထားမှုများအား စွန့်လွှတ်ခြင်းမှလွဲ၍ ဤတွင် သင့်အခြေအနေ တည်ငြိမ်ပြီးနောက်ပိုင်း ရရှိနိုင်သည့် ဝန်ဆောင်မှုများ ပါဝင်သည်။

### ကွန်ရက်တွင်း ဆေးရုံ သို့မဟုတ် ခွဲစိတ်ကုသမှုဆိုင်ရာ စောင့်ရှောက်မှုပေးရေးစင်တာရှိ အချို့ ဝန်ဆောင်မှုများ

သင်သည် ကွန်ရက်တွင်း ဆေးရုံ သို့မဟုတ် ခွဲစိတ်ကုသမှုဆိုင်ရာ စောင့်ရှောက်မှုပေးရေးစင်တာမှ ဝန်ဆောင်မှုများ ရယူသည့်အခါ ထိုနေရာရှိ အချို့ဝန်ဆောင်မှုပေးသူများက ကွန်ရက်နှင့်ချိတ်ဆက်မထားခြင်း ရှိကောင်းရှိနိုင်သည်။ ဤအခြေအနေများတွင် ထိုဝန်ဆောင်မှုပေးသူများက သင့်ထံမှ တောင်းခံနိုင်သည့် အများဆုံးပမာဏသည် သင့်အစီအစဉ်၏ ကွန်ရက်တွင်း ကုန်ကျစရိတ်မျှဝေကျခံသည့် ပမာဏ ဖြစ်သည်။ ၎င်းသည် အရေးပေါ် ဆေးဝါးကုသမှု၊ မေ့ဆေး၊ ရောဂါဗေဒ၊ ဓာတ်မှန်ပညာရပ်၊ ဓာတ်ခွဲခန်းပညာရပ်၊ ကလေးရောဂါကုသပညာ၊ လက်ထောက်ခွဲစိတ်ဆရာဝန်၊ အတွင်းလူနာကုသရေး ဆရာဝန် သို့မဟုတ် အထူးကြပ်မတ်ကုသရေးဆရာဝန် ဝန်ဆောင်မှုများနှင့် သက်ဆိုင်သည်။ ဤဝန်ဆောင်မှုပေးသူများသည် အာမခံတွင်မပါဝင်သော ကျသင့်ငွေများကို သင့်ထံမှ တောင်းခံခြင်းမပြုနိုင်သည့်အပြင် ထိုသို့ မပြုလုပ်နိုင်အောင် သင့်ကို ကာကွယ်ပေးထားမှုများကို စွန့်လွှတ်ရန်လည်း သင့်အား မတောင်းဆိုနိုင်ပါ။

ဤကွန်ရက်တွင်း ဝန်ဆောင်မှုပေးသည့်နေရာများတွင် အခြားဝန်ဆောင်မှုများ ရယူပါက သင်က စာဖြင့်ရေးသားထားသော သဘောတူညီချက် ပေးပြီး သင့်ကို ကာကွယ်ပေးထားမှုအား စွန့်လွှတ်ခြင်းမှလွဲ၍ ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများသည် အာမခံတွင် မပါဝင်သော ကျသင့်ငွေများကို သင့်ထံမှ မတောင်းခံနိုင်ပါ။

**အာမခံတွင် မပါဝင်သော ကျသင့်ငွေများ မတောင်းခံနိုင်အောင် သင့်ကို ကာကွယ်ပေးထားမှုများကို သင့်အနေဖြင့် စွန့်လွှတ်ရန် ဘယ်သောအခါမှ လိုအပ်မည်မဟုတ်ပါ။ သင့်အနေဖြင့် ကွန်ရက်ပြင်ပ စောင့်ရှောက်မှုကို ခံယူရန်လည်း လိုအပ်မည်မဟုတ်ပါ။ သင့်အစီအစဉ်၏ ကွန်ရက်တွင်းရှိ ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာကို ရွေးချယ်နိုင်သည်။**

### ပြည်နယ်မှ ထိန်းချုပ်ထားသော ကျန်းမာရေး အစီအစဉ်များရှိ လူနာများအတွက် Michigan ပြည်နယ် ဥပဒေ

Michigan ဥပဒေသည် ပြည်နယ်မှ ထိန်းချုပ်ထားသော ကျန်းမာရေး အစီအစဉ်များရှိ လူနာများအတွက် အကာအကွယ်များကို ပြဋ္ဌာန်းထားပါသည်။

ဥပမာအနေဖြင့် အရေးပေါ်မဟုတ်သော လူနာများအား စောင့်ရှောက်မှုပေးနေသည့် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများသည် လူနာများထံသို့ အောက်ပါတို့ကဲ့သို့ ထုတ်ဖော်ပြောကြားချက်အချို့ ပြုလုပ်ပေးရမည်-

- သင်၏ကျန်းမာရေး အာမခံသည် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူမှ ပံ့ပိုးပေးမည့် ဝန်ဆောင်မှုအားလုံးကို ကုန်ကျခံပေးနိုင်မည်မဟုတ်ကြောင်း;
- ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရိုးသားမှန်ကန်စွာ ဖော်ပြထားသော ကုန်ကျစရိတ်ခန့်မှန်းချက်၊;
- ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူမှ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးစေရန် သင်တောင်းဆိုနိုင်ကြောင်း။

### အာမခံတွင်မပါဝင်သော ကျသင့်ငွေများကို တောင်းခံခွင့် မပြုထားသည့်အခါ သင့်တွင် အောက်ပါ ကာကွယ်ပေးမှုများလည်း ရှိပါသည်-

- သင်မျှခံရမည့် ကုန်ကျစရိတ်ဝေစုကိုသာ ပေးဆောင်ရန် သင့်တွင် တာဝန်ရှိပါသည် (ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာက ကွန်ရက်အတွင်းရှိပါက သင်ပေးဆောင်ရမည့် စရိတ်မျှခံငွေများ၊ စရိတ်မျှခံရာခိုင်နှုန်းနှင့် အာမခံကနဦးနုတ်ယူငွေများကဲ့သို့)။ သင့်ကျန်းမာရေး အစီအစဉ်သည် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုပေးသည့်နေရာများကို တိုက်ရိုက် ငွေပေးချေပါမည်။
- သင်၏ ကျန်းမာရေးအစီအစဉ်တွင် ယေဘုယျအားဖြင့်-
  - ဝန်ဆောင်မှုများအတွက် ကြိုတင်၍ ခွင့်ပြုချက် ရယူရန် (ကြိုတင်ခွင့်ပြုချက်) မလိုဘဲ အရေးပေါ် ဝန်ဆောင်မှုများကို ကုန်ကျခံပေးရမည်။
  - ကွန်ရက်ပြင်ပ ဝန်ဆောင်မှုပေးသူများမှ ဆောင်ရွက်ပေးသော အရေးပေါ်ဝန်ဆောင်မှုများကို ကုန်ကျခံပေးရမည်။
  - ကွန်ရက်တွင်း ဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာအား သင်ပေးချေရမည့် ပမာဏ (စရိတ်မျှခံပမာဏ) သည် အဆိုပါကွန်ရက်တွင်းဝန်ဆောင်မှုပေးသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့်နေရာအား အစီအစဉ်က ပေးချေမည့်ပမာဏအပေါ် အခြေခံရမည်ဖြစ်ပြီး ထိုပမာဏကို သင့်အကျိုးခံစားခွင့် ရှင်းလင်းချက်ထဲတွင် ဖော်ပြပေးရမည်။
  - အရေးပေါ် ဝန်ဆောင်မှုများ သို့မဟုတ် ကွန်ရက်ပြင်ပ ဝန်ဆောင်မှုများအတွက် သင်ပေးချေရမည့် ပမာဏမှန်သမျှကို သင်၏ အာမခံကနဦးနုတ်ယူငွေနှင့် အိတ်စိုက်ငွေ ကန့်သတ်ချက်တွင် ထည့်တွက်ရမည်။

အကယ်၍ သင်သည် မှားယွင်းစွာ ငွေတောင်းခံရပြီး ပြည်နယ်မှ ထိန်းချုပ်ထားသော ကျန်းမာရေး အစီအစဉ်အောက်တွင် အာမခံအကျုံးဝင်မှုရှိသည်ဟု ယူဆပါက တိုင်ကြားချက်တစ်ခု တင်သွင်းရန် Michigan အာမခံနှင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများဌာန၊ ဖုန်းနံပါတ် **877.999.6442** သို့ ဆက်သွယ်နိုင်သည် သို့မဟုတ် DIFS ဝက်ဘ်ဆိုက်သို့ သွားရောက်နိုင်သည်။ သင့်တွင် စီးပွားရေးလုပ်ငန်းအာမခံ အကျုံးဝင်မှုရှိပြီး မှားယွင်းစွာ ငွေတောင်းခံထားရသည်ဟု ယူဆပါက မျှော်လင့်မထားသော ဆေးကုသမှုဆိုင်ရာ ကျသင့်ငွေတောင်းခံခြင်း မရှိစေရေး (No Surprises) ပံ့ပိုးကူညီရေးကောင်တာ၊ ဖုန်းနံပါတ် **800.985.3059** သို့ ဆက်သွယ်နိုင်သည်။

ဖက်ဒရယ်ဥပဒေအရ သင့်ရပိုင်ခွင့်များနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုသိရှိရန် **cms.gov/nosurprises/Ending-Surprise-Medical-Bills** သို့ သွားရောက်ကြည့်ရှုပါ။

**michigan.gov/difs** သို့ သွားပြီး Michigan ဥပဒေအရ သင့်ရပိုင်ခွင့်များနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုသိရှိရန် 'မျှော်လင့်မထားသော ဆေးကုသမှုဆိုင်ရာ ကျသင့်ငွေတောင်းခံခြင်း (Surprise Medical Billing)' ကို နှိပ်ပါ။

စာရင်းအပြည့်အစုံအတွက် သင့်ကျန်းမာရေး စောင့်ရှောက်ပေးသူထံမှ လက်ကမ်းစာစောင်တစ်စောင်ကို တောင်းခံပါ သို့မဟုတ် **corewellhealth.org/policies** သို့ သွားရောက်ပါ

Corewell Health © 10.2023